## အပိုင်း(ခ) သူငယ်တန်း ဆရာလမ်းညွှန်မော်ဂျူးအတွက် ကျောင်းသား၊ကျောင်းသူများ သင်ယူမှုကိုကြည့်ရှုလေ့လာခြင်း စစ်ဆေးပုံစံ

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၁။ ကလေးများသည် စိတ်ဝင်စားမှုကို အခြေခံပြီး ရှိရင်းစွဲ အသိပညာများ၊ အတွေ့အကြုံများနှင့် စူးစမ်းလေ့လာမှု လုပ်ငန်းများတွင် တက်ကြွစွာပါဝင် လုပ်ဆောင်ခြင်းဖြင့် သင်ယူဖွံ့ဖြိုးလာကြသည်။ | ၁။ ကလေးများသည် လွတ်လပ် စွာ သင်ယူဖွံ့ဖြိုးရန် အခွင့်အလမ်း မရှိပါ။ | | ၁။ ကလေးများသည် စိတ်ဝင်စား ပျော်ရွှင်ဖွယ်ကောင်းသော သင်ယူမှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် လေ့ရှိသည်။ | | ၁။ ကလေးများသည် စိတ်ဝင်စား ပျော်ရွှင်ဖွယ်ကောင်းသော သင်ယူမှုလုပ်ငန်းများတွင် အပြည့်အဝပါဝင် လုပ်ဆောင်ခြင်းဖြင့် ဘက်စုံဖွံ့ဖြိုး လာကြသည်။ | |
| ၂။ သူငယ်တန်းကလေးများသည် တက်ကြွစွာသင်ယူပြီး စိတ်အားထက်သန်စွာပါဝင်ဆောင်ရွက်ကြသည်။ | ၂။ သူငယ်တန်းကလေးများသည် ဆရာပြောသမျှ နားထောင်ပြီး မေးမြန်းသမျှကို ပြန်လည်ပြောဆိုနိုင်ခြင်းမရှိပါ။ ကစားရာတွင် ပါဝင်ခြင်း မရှိပါ။ | | ၂။ ကျောင်းသားများကိုယ်တိုင် တက်ကြွ စွာ သင်ယူပြီး စိတ်ဝင်–စားပျော်ရွှင် ဖွယ် ကောင်းသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြသည်။ | | ၂။ ကျောင်းသားများသည် ထက်သန် တက်ကြွစွာ သင်ယူခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးလာသည်။ | |
| ၃။ သူငယ်တန်း ကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှု လုပ်ငန်းများကို လက်တွေ့ပြုလုပ်ကြသည်။ | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှု လုပ်ငန်းများ ကို မပြုလုပ်ပါ။ | | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှုလုပ်ငန်းများကို ရံဖန်ရံခါ ပြုလုပ်သည်။ | | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှုလုပ်ငန်းများ ကို အမြဲတမ်း တက်ကြွစွာ လက်တွေ့ပြုလုပ်ကြသည်။ | |

DBE BOX

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၄–၁။ ကျောင်းသားအားလုံးသည် သင်ယူမှု လုပ်ငန်းများကို ထိရောက်သော သင်ထောက်ကူပစ္စည်းအမျိုးအပြားကို အသုံးပြုသည်။ | ၄–၁။ ကျောင်းသားများသည် သင်ထောက်ကူပစ္စည်း [သင်ယူရန်နေရာများတွင် ထားရှိသော ပစ္စည်းများ၊ KG-Kit မှ ပစ္စည်းများ၊ ဗျည်း/ကိန်း(ကတ်၊ ကားချပ်၊ ပိုစတာများ)] များကို သုံးလေ့မရှိပါ။ အသုံးပြုပါက ကျောင်းသားအားလုံး သုံးစွဲခွင့်မရှိပါ။ | | ၄–၁။ ကျောင်းသားအားလုံးသည် သင်ခန်းစာတိုင်းကို သင်ယူရာ၌ သင်ထောက်ကူပစ္စည်းများကို အသုံးပြုကြသည်။ | | ၄–၁။ ကျောင်းသားအားလုံးသည် ထိရောက်သော သင်ထောက်ကူ ပစ္စည်းအများအပြားကို ရရှိနိုင်ပြီး ရည်ရွယ်ချက်အမျိုးမျိုး အတွက်လည်း ရွေးချယ်နိုင်သည်။ | |
| ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ် သင်ယူမှုလုပ်ငန်း (၃)မျိုးတွင် ပါဝင် လုပ်ဆောင်ရင်း သင်ယူကြသည်။ | ၄–၂။ ကျောင်းသားများသည် နေ့စဉ် သင်ယူမှုလုပ်ငန်း (၃)မျိုးလုံးတွင် ပါဝင်လုပ်ဆောင်ခြင်း မရှိပါ။ | | ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ် သင်ယူမှုလုပ်ငန်းများ၏ သင်ယူမှုလုပ်ငန်းများတွင် ရံဖန်ရံခါ သင့်သလို ပါဝင်လုပ်ဆောင်ရင်း သင်ယူကြသည်။ | | ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ်သင်ယူမှုလုပ်ငန်းများ၏ သင်ယူမှုလုပ်ငန်း (၃)မျိုးလုံးတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ရင်း သင်ယူကြသည်။ | |
| ၅။ ကျောင်းသားအားလုံးသည် သင်ယူမှု လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ် ဆောင်ကြသည်။ | ၅။ ကျောင်းသားအများစုသည် သင်ယူမှု လုပ်ငန်းများကို စိတ်ဝင်စားစွာ မပြုလုပ်ပါ။ | | ၅။ ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများကို စိတ်ဝင်စားစွာ ပြုလုပ်ကြသည်။ | | ၅။ ကျောင်းသားများသည် သင်ယူမှု နယ်ပယ်အလိုက် သင်ယူဖွံ့ဖြိုး လာကြသည်။ | |
| ၆။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သည်။ | ၆။ ကလေးများသည် ကျောင်းတွင် နေသားမကျဘဲ သင်ကြားမှုကို စိတ်မဝင်စားသည့်ပြင် သင်ယူမှု လည်း မပြုလုပ်ပါ။ | | ၆။ ကျောင်းတွင် နေသားကျလာပြီး သင်ကြားမှုများကို စိတ်ဝင်စားပြီး သင်ယူသည်။ | | ၆။ စာရေး၊စာဖတ်ခြင်းဆိုင်ရာ အခြေခံ ကျွမ်းကျင်မှုများရှိပြီး ပထမတန်း တက်ရောက် သင်ယူရန် အဆင်သင့် ဖြစ်နေသည်။ | |